ရေဦးစက်ပိုင် ဦးသဘင်နှင့် ဖခင် ဦးတင့် တို့၏ ဂုဏ်ကျေးဇူးများကို ရွှေဘိုမြို့၊ ထောင့်စေတီ ရိပ်သာဆရာတော်ကြီး အရှင်တိလောကမထေရ်က ဆောင်းပါးဖြင့် ထုတ်ဖော်ခဲ့ပါသည်။

ရွှေဘိုမြို့ မြို့ထောင့်စေတီ ရင်ပြင်တော်ပေါ်တွင် နှစ်ပေါင်းငါးဆယ်ကျော်မျှ တိမ်မြုပ်နေခဲ့သော

# မဟာစည်ကျေးဇူး ဂုဏ်ပြုကျောက်စာ

ဘဒ္ဒန္တ တိလောက (ရွှေဘို)

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဟောကြားတော်မူသော သတိပဋ္ဌာန်ကိုယ်တွေ့ ဝိပဿနာတရားတော်မြတ်ကြီးကို ဆရာတော်ဘုရား၏ ထံတွင် နည်းနာခံ၍ အားထုတ်ခဲ့ဖူးသည့် ဆန်စက်ပိုင်ရှင် ဦးတင့်က သူ၏ ကိုယ်တွေ့ခံစားရရှိမှုများအား ရွှေဘိုမြို့၊ တနင်္ဂနွေထောင့် ဣန္ဒာသယကုန်းတော်ထိပ်တွင် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ တည်ထားခဲ့သည့် မော်မောမြင်သာ ခေါ် မြို့ဒေါင့်စေတီတော်ကြီး၏ အရှေ့ဘက်ခံတန်ဆောင်းတော်ကြီး အတွင်း၌ ရှေးအစဉ်အဆက် မပျက်ရအောင် ကျောက်စာတိုင်တစ်ချပ် အခိုင်အမာ စိုက်ထူထားခဲ့သည်ကို တွေ့ရပါသည်။



သို့သော်လည်း ထိုကျောက်စာမှာ မဟာစည်ဆရာတော်ဘုရား တရားပြသတော်မူစ အချိန်က စတင်စိုက်ထူခဲ့ခြင်း ဖြစ်သဖြင့် နှစ်ပေါင်းများစွာ ကြာညောင်းနေသည်က တစ်ကြောင်း၊ အရှေ့ဘက်ခံ အတွင်း အခြားသော ကျောက်စာများနှင့် ရောနှောနေခြင်းကြောင့် လူများမှာလည်း မိမိတို့အမှုကိစ္စတွေကြောင့် ဘုရားဝပ်ချပြန်သွားကြ တာသာ များသဖြင့်တစ်ကြောင်း၊ ကျောက်စာများကို အချိန်ကုန်ခံ ဖတ်မသွားကြပါ။

သို့အတွက် ၎င်းမဟာစည် ဆရာတော်ဘုရားကြီးနှင့် ဆက်စပ်သော ကျောက်စာမှာ ယခုအချိန်ထိ နှစ်ပေါင်းများစွာ တိမ်မြုပ်နေခဲ့ပါသည်။ ထိုကဲ့သို့ ထူးခြားပြောင်

မြောက်အံ့လောက်ဖွယ်ကောင်းသော မဟာစည် ဆရာတော်ဘုရား၏ ဟောကြား ပြသတော်မူခဲ့သည့် တရားတော်အဆီအနှစ် ဓမ္မရသ များသည် ခံစားရသူများအဖို့ မချိုး ကျူးနိုင်ဘဲ မနေနိုင်လောက်အောင် ဖြစ်ရှိရုံမျှမက သေသည်အထိ သား သမီးမြေးမြစ်ပါမကျန် ဓမ္မမိတ်ဆွေ များအားလုံး မဟာစည်ဆရာတော် ဘုရား၏တရားကို အားမထုတ်ဖြစ် ထုတ်ဖြစ်အောင်နှင့် လုပ်သားပြည် သူ လူအများ သိရှိနိုင်စေခြင်းအကျိုး ငှာ ငါးမည်ရပြည်ရွှေဘိုမှ ဤ တိမ်မြုပ်နေခဲ့သော မှတ်တမ်း ကျောက်စာမှုကို စေတနာဖြူစင်စွာ ဖြင့် ဖော်ထုတ် တင်ပြလိုက်ရပါ သည်။

အထက်ပါ မင်းမော်ရီခေါ် သမိုင်းမှတ်တမ်း ကျောက်စာနှင့် ဆက်စပ်၍ ချီးမွမ်းအံ့ဖွယ်အသွယ် သွယ်ကို တင်ပြလိုပါသေးသည်။ ၎င်းကျောက်စာစိုက်ထူသွားသူမှာ ရွှေဘိုမြို့ပြင် ဈေးရပ်၊ ရွှေသီဟ ဆန်စက်ပိုင်ရှင်ကြီး ဦးတင့် ဖြစ်ပါ သည်။ မှာတမ်းထဲတွင်ပါသည့် အတိုင်း ညီအစ်ကိုမောင်နှမ သား သမီးမြေးများပါမကျန် လိုက်နာ ကျင့်သုံးနေကြပါသည်။ တူဖြစ်သူ ဘုရားဒကာ စက်ပိုင်ဦးအန့်ဆိုလျှင် မဟာစည်တရားအားထုတ်ပြီးသည်မှ စ၍ လက်ရှိစီးပွားများကို သား သမီးများအား လွှဲပြောင်းပြီး မြို့ ထောင့်စေတီရိပ်သာတွင် အစဉ် အမြဲ တရားအားထုတ်သွားခဲ့ပါ သည်။ ညီဖြစ်သူ ရှေဦးဆန်စက်ပိုင် ဦးဘသင်ဆိုသူမှာလည်း ဖခင်ကြီး ဦးတင့်၏ မှာတမ်းအရ တရားဝင် ရောက်အားထုတ်ခဲ့ရာ ထူးထူးခြား ခြား စိတ်တွေပြောင်းလဲသွားပြီး ရဟန်းဘောင်သို့ပင် ဝင်၍ အား ထုတ်နေခဲ့ပါတော့သည်။ ၎င်းရှေဦး စက်ပိုင် ဦးဘသင်မှာ နဂိုကပင် မဟာစည်ဆရာတော်ကို ကြည်ညို ရင်းစွဲရှိပြီးဖြစ်၍ သတိပဋ္ဌာန တရား တော်မြတ်ကို အထက်ဗမာပြည် တွင်သာမက အောက်ဗမာပြည်သို့ ပင် ရောက်အောင် သူဌေးကြီး ဆာဦးသွင်နှင့်တိုင်ပင်ပြီး ပို့ဆောင် ပင့်ဆောင်ပေးခဲ့သော ပုဂ္ဂိုလ်တစ်ဦး ဖြစ်ပါသည်။

မဟာစည်ဆရာတော်ကို ဘယ် မျှလောက် ကြည်ညိုသလဲဆိုရင် တရားတော်ကို လူဝတ်နှင့် ရှုမှတ် ရတာ အားမရ၍ ရဟန်းဝတ်နှင့် အားထုတ်လိုပါကြောင်း မဟာစည် ဆရာတော်ဘုရားအား ရဟန်းပြု ပေးပါရန် လျှောက်ထားရာ ဆရာ တော်ဘုရားမှာလည်း ရွှေဘိုသား ဇာတိဖြစ်၍ သူ၏အခြေအနေ၊ ဆွေမျိုးသားချင်း၊ ပစ္စည်းဥစ္စာမှအစ သိရှိနေသဖြင့် "ဒကာကြီး နောက် ပိုင်းမှ သံယောဇဉ်တွေကို လွှတ် လွှတ်ကျွတ်ကျွတ် စွန့်လွှတ်နိုင်ပါ မလား။ ဝင်လိုက် ထွက်လိုက်ဆိုရင် မကောင်းဘူး" လို့ မိန့်ကြားတော်မူ တဲ့အခါ "တပည့်တော်ဟာ ဘသင် မင်း နောက်ပိုင်းသံယောဇဉ်တွေကို တကယ်တမ်းဖြတ်နိုင်မလား" လို့ ကိုယ့်ကိုယ်ကိုမေးပြီးမှ လျှောက် ထားတာပါဘုရား" ဆိုသဖြင့် ဆရာ တော်ဘုရားကိုယ်တိုင် ရဟန်းအဖြစ် ချီးမြှင့်၍ ဘွဲ့နာမည်ကိုလည်း ဦးပဏ္ဍဝဟု ပေးလိုက်ပါတော့ သည်။ ရဟန်းဘဝရောက်ပြီးသည် နှင့်တစ်ပြိုင်နက် လက်ရှိဆန်စက် များ၊ သစ်စက်ကြီးများနှင့် မန္တလေး ဝါးတန်း ၂၉ လမ်းတွင် ဆောက် ထားသော ခေတ်တန်ဖိုး ၄-၅ သိန်းတန် နှစ်ထပ်အုတ်တိုက်ကြီး များ၊ ကိုယ်ပိုင်ကားနှင့် အတွင်း ပစ္စည်းဖြစ်သော စိန်များ၊ ယုတ်စွ အဆုံး လူဝတ်တုန်းက ဝတ်နေကျ ငွေလက်ပတ်နာရီပါမကျန် အကုန်လုံး စွန့်ပစ်ခဲ့ပါတော့သည်။ ရဟန်းဘောင် မှာလည်း သပိတ်တစ်လုံး၊ သင်္ကန်း သုံးထည်သာထားပြီး အိမ်စဉ်လှည့် ပတ် ဆွမ်းခံစားပြီး မဟာစည် ဆရာတော်ဘုရား၏ အမှတ်တရား ကိုသာ နေ့ညမယုတ် အားထုတ် လျက် စေတီရိပ်သာထဲမှာပဲ ခန္ဓာစဲ ၍ သေပွဲဝင်သည်အထိ ပွားများ အားထုတ်သွားပါသည်။

သို့ပါသောကြောင့် မဟာစည် ဆရာတော်ဘုရား ဟောကြားပြသ တော်မူသော သတိပဋ္ဌာန်တရား တော်သည် ကိုယ်တိုင်အားထုတ်၍ ကိုယ်တိုင် သိရှိသွားသူများအဖို့ ဘုရားရှင်ဟောကြားသည့်အတိုင်း သန္ဒိဋ္ဌိကဂုဏ်တော်နှင့် တကယ်ပင် ကိုက်ညီနေပါသဖြင့်လက်ရှိလောဘ၊ ဒေါသတရားများ ခေါင်းပါးသွား သည်ကို မျက်မြင်ကိုယ်တွေ့ ဖြစ်ရ ပါကြောင်း ကလျာဏမိတ်ဆွေ အပေါင်းတို့အား စေတနာကောင်း ဖြင့် တင်ပြလိုက်ရပါသည်။

ဘဒ္ဒန္တ တိလောက
မဟာကမ္မဋ္ဌာနာစရိယ
မြို့ဒေါင့်စေတီတော်ရိပ်သာ
ရွှေဘိုမြို့၊

## ဆန်စက်ပိုင် ကျောင်းဒကာ ဦးတင့်၏

# အမှာစာတမ်း မော်ကွန်းကျောက်စာ

နောင်လာနောက်သား သားသမီး၊ မြေးမြစ်တို့တိုင်အောင် လိုက်နာကျင့်ကြံရစ်စေကြလိုသော သဘောဆန္ဒ ရှိသည့်အလျောက် အောက်ပါ နိဗ္ဗာန်ရောက်ကြောင်း တရားထူး တရားမြတ်တို့ မိမိကိုယ်တိုင် တွေ့သိရသဖြင့် ကျွန်ုပ်၏ သားသမီး၊ မြေးမြစ်တို့ပါ ထိုတရားထူး တရားမြတ်ကို မမေ့မလျော့ အားထုတ်ကြပါရန် အမှာစာတမ်း ရေးသားပါသည်။

ကျွန်ုပ်ဦးတင့်မှာ လူ့ဘောင်ဌာန၌ ဓမ္မတာတရားအတိုင်း အိမ်ထောင်ဖက် သားမယား၊ သားသမီးတို့အား လောကီစီးပွားအရာတွင် မပြည့်မစုံမရှိရအောင် မိမိဉာဏ်ပညာရှိသလောက် ရှာမှီးသဖြင့် ရှေးရှေးဘဝက ပါလာသော ကာမာဝစ ကုသိုလ်အလိုက် လောကီစီးပွားဖြစ်သော ထာဝရ ဇင်္ဂမ အင်္ဂသမ ပစ္စည်း ၃ ရပ်တို့နှင့် အထိုက်အလျောက် ပြည့်စုံသည့်အတိုင်း ထိုပစ္စည်းများကို မိမိမှမွေးဖွားသော သားသမီးမြေးတို့အား ပြည့်ပြည့်စုံစုံ လွှဲအပ်လျက် ခံစားကြပါစေသတည်း။

ဤကဲ့သို့သော လောကီစီးပွား လယ်ယာရွှေငွေ ကျောက်သံပတ္တမြားမှစ၍ မိမိလုပ်ကိုင်ဆောင်ရွက်ခဲ့သော ဆန်စက်များပါ ထိုက်သည့်အလျောက် လောကီအမွေတို့ ပေးနိုင်ပါသော်လည်း ကျေနပ်ရောင့်ရဲခြင်းမရှိမူ၍ ပေးပြီးသောအမွေများမှာ သင်္ခါရပစ္စည်းသာဖြစ်သည်ဟု တွေးတောမျှော်ခေါ်မိသဖြင့် ယခု ကျွန်ုပ်ကိုယ်တိုင် တွေ့ရှိသိမြင်ရသော နိဗ္ဗာန်ရောက်ကြောင်း တရားထူး တရားမြတ်ဖြစ်သော လောကုတ္တရာအမွေကိုပါ ပေးလိုသောဆန္ဒအားကြီးလှပါသောကြောင့် အောက်ပါအတိုင်း လေးနက်စွာ မှာထားအပ်ပါသည်။

ရွှေဘိုမြို့၏ အနောက် ၇ မိုင်ကွာဝေးသော ဆိပ်ခွန်ရွာဌာန၌ တန်ခိုးကြီးပွဲတော်ရ၊ အင်ကြင်းတော မြတ်စွာဘုရားစေတီတော်ကြီး၏အနီး မဟာစည် ကျောင်းတိုက်ကြီးတွင် သီတင်းသုံးနေထိုင်တော်မူသော သာသနဓဇ သိရိပဝရဓမ္မာစရိယ ပါမောက္ခဖြစ်တော်မူသော အရှင်သောဘဏ မဟာထေရ် ရေးသားစီရင်တော်မူအပ်သော နိဗ္ဗာန်မဂ်ဖိုလ်သို့ရောက်ကြောင်း လက်တွေ့ဝိပဿနာရှုနည်း ကျမ်းကြီး ပထမတွဲ၊ ဒုတိယတွဲစာအုပ်များကို စုံလင်စွာဖတ်ရှု၍ ၎င်းကျမ်းကြီး၌ ပြထားသော နည်းနိသရည်းအတိုင်း မတိမ်းမလွဲရအောင် လိုက်နာလေ့ကျက် ဆောင်ရွက်ကျင့်ကြံပါလျှင် မချွတ်ဧကန် အမှန်အားဖြင့် သံသရာဝဋ်ဆင်းရဲမှ ကျွတ်လွတ်၍ နိဗ္ဗာန်ရောက်ကြောင်းမှန်သည်ဟု ရဲရဲကြီး ဝန်ခံနိုင်ကြပါလိမ့်မည်။ ကျွန်ုပ်လည်း အမှန်ဖြစ်ကြောင်းကို ဝန်ခံပါသည်။ ထိုမျှမက ကျွန်ုပ်၏ သားကြီး ဩရသဖြစ်သော ရွှေဦးမြို့ ဆန်စက်ပိုင် ကိုဘသင်ကလည်း ထိုနည်းတူ ရဲဝံ့စွာ ဝန်ခံပါသည်။ သို့အတွက် သုံးလောကထွဋ်တင် သဗ္ဗညု မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး သက်တော်ထင်ရှားရှိစဉ်က ဟောပြတော်မူခဲ့သော အလွန်မြင့်မြတ်လှသော တရားထူး တရားမြတ် ဖြစ်သည့်အလျောက် မပေါ့မလျော့သောဆန္ဒ ဝီရိယဖြင့် ထိုဝိပဿနာတရားတော်ကို အားထုတ်ကြစေရန် ညွှန်ပြရေးသားလေသတည်း။ အထူးသတိပြုရန်မှာ အထက်ရေးသားဖော်ပြချက်ပါ အရှင်သောဘဏ ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်းကျမ်းကြီး ပထမတွဲ၊ ဒုတိယတွဲစာအုပ်များကို ဖတ်ရှု၍ စေ့ငုစုံလင်စွာ ကျင့်ကြံရမည်ဆိုရာ၌ လိုအပ်သော အင်္ဂါတစ်ရပ်မှာ အထူးကျွမ်းကျင်သော ကမ္မဋ္ဌာန်းဆရာတစ်ဦးကို အမှူးထား၍ ကျင့်ကြံပါမှ မိမိလိုအပ်သောအရာကို နေ့ရက်မကြာစေဘဲ လျင်မြန်စွာ ထမြောက်အောင်မြင်ခြင်းသို့ ရောက်ပါလိမ့်မည်။

## အထူးထောက်ခံချက်

ကျွန်ုပ် ညွှန်ကြားအပ်သော အဆိုပါဝိပဿနာရှုနည်းနိဿရည်းကျမ်းသည် ပါဠိအဋ္ဌကထာဋီကာတို့နှင့်အညီ ကျနစွာ ရေးသားအပ်သည်ဖြစ်၍ ချွတ်ယွင်းတိမ်းပါးခြင်းမရှိ၊ မှန်ကန်ကြောင်းကို မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ရွှေဘိုမြို့ စသောမြို့ကြီးများ၌ သီတင်းသုံးလျက်ရှိကြသော ပိဋကတ်ကျမ်းဂန်အရာ၌ အလွန်ထင်ရှားကျော်စောသော၊ ကောင်းမြတ်သော၊ စေတနာ ဆန္ဒရှိကြသော အဂ္ဂမဟာပဏ္ဍိတဘွဲ့ရ ရှေးဆရာတော်ကြီးများစွာတို့က ထောက်ခံကြပါသည်။ ဤကျမ်းပြုမဟာစည်ဆရာတော်၏ထံ၌ ကမ္မဋ္ဌာန်းနည်းယူ၍ အားထုတ်ကြသော ပုဂ္ဂိုလ်များစွာတို့တွင် ပါဠိအဋ္ဌကထာကြီး ၉ ကျမ်းကို အပြည့်အစုံအောင်မြင်ပြီး၍ သာသနာ့ဓဇသိရိပဝရဓမ္မာစရိယဘွဲ့တံဆိပ်ရစာချဆရာတော် များစွာတို့သည်လည်း အဆိုပါ ဝိပဿနာရှုနည်းကျမ်းကို ကြည့်ရှု၍ သဘောကျသဖြင့် ထိုထိုရပ်ဝေးရပ်နီးဒေသမှ လာရောက်၍ အားထုတ်ကြသည်ကို ကျွန်ုပ်ကိုယ်တိုင်ပင် တွေ့ရကြားရပါကြောင်း၊ အဆိုပါ ဝိပဿနာရှုနည်းအတိုင်း ကျနပြည့်စုံစွာ အားထုတ်လျှင် ရက်ပိုင်း၊ လပိုင်းအတွင်းမှာပင် တရားထူး၊ တရားမြတ်သို့ ပေါက်ရောက်နိုင်ကြောင်း ကျွန်ုပ် တာဝန်ခံပါသည်။

ဤအရာ၌ တရားပေါက်သည်ဆိုသောစကားမှာ ပုထုဇဉ်အခိုက်အတန့်တွင် အပါယ်သို့ကျရောက်ရန် အကုသိုလ်ကြွေးဟောင်းအနန္တ၊ ကြွေးသစ်အနန္တ ရှိနေခဲ့ရာမှ တစ်ခါတည်း ကင်းလွတ်၍ အပါယ်တံခါးပိတ်သည်ဟု ဆိုလိုပါသည်။ တစ်နည်းအားဖြင့် သောတာပန် စသောအရိယာဖြစ်ကြောင်း မဂ်ဖိုလ်တရားထူးကို ရသည်ဟု ဆိုလိုပါသည်။ ဤတရားထူးကို ရခဲ့သော် ယခုဘဝမှာပင် ကိုယ်စိတ်နှစ်ပါး ကျန်းမာခြင်း၊ ချမ်းသာခြင်းများစွာနှင့်ပြည့်စုံပါသည်။ သို့ဖြစ်ပါ၍ ထိုထိုလောကီစည်းစိမ်ချမ်းသာမျိုးစုံထက်အဆပေါင်းများစွာ ချမ်းသာသုခရှိလှပါသော လောကုတ္တရာအကျိုးစီးပွား စည်းစိမ်ချမ်းသာကို ကျွန်ုပ်ကဲ့သို့ပင် ရနိုင်ကြစေရန်အလို့ငှာ ဤစာတမ်းကို ရေးသားအပ်ပါသည်။ ငါ၏ သားသမီးမြေးမြစ်တို့သည်လည်းကောင်း၊ ဆွေမျိုးသားချင်းတို့သည်လည်းကောင်း၊ တစ်ဦးနှင့်တစ်ဦး ချစ်ခင်ယုံကြည်ကြသော မိတ်သင်္ဂဟတို့သည်လည်းကောင်း၊ ပါရမီနီးစပ်သမျှဆန္ဒတူသမျှ သဘောတူ ပုဂ္ဂိုလ်တို့သည် ဤစာကို တွေ့မြင်ပါကချက်ချင်းပင် အဆိုပါ ဝိပဿနာအလုပ်ကို အားထုတ်ကြပါစေသော်။

ငါတို့၏ ကျေးဇူးရှင်ကြီး ဖြစ်တော်မူသော ဗုဒ္ဓမြတ်စွာ၏ ဂုဏ်တော်များကို တစ်နေ့တစ်ရက်၊ တစ်နာရီ တစ်မိနစ်မျှ မလစ်လပ်စေဘဲ သတိရလျှင် ယောနိသောမနသိကာရ အမြဲရှိကြပါစေသော်။ ငါတို့၏ ဒုတိယကျေးဇူးရှင်ကြီးဖြစ်သော ဝိပဿနာရှုနည်းကျမ်းပြု မဟာစည်ဆရာတော်ဘုရားကြီးအားလည်း ထို့အတူပင် သဒ္ဓါကြည်ဖြူ မပျက်မူ၍ နာရီမစဲ အမြဲသတိရပါစေသတည်း။

ငါ့အဘကဲ့သို့ပင် သားသမီး မြေးမြစ်တို့သည်လည်း မသေမီအတွင်း ထိုတရားထူးတရားမြတ်တို့ အားပြု၍ ချမ်းသာသုခတို့ ရကြပါစေသော်။ ဗုဒ္ဓသာသနာတော် ရှည်စွာတည်ကြောင်း၊ ကြီးပွားကြောင်းဖြစ်သော သာသနာ့ဂုဏကုသိုလ်များကိုလည်း ပြုစုနိုင်ကြပါစေသော်။ သေသည်၏အခြားမဲ့၌ ကောင်းရာဌာန သုဂတိဘဝခေါ်သော နတ်ပြည်သို့ မလွဲမုချ အဆက်ဆက်ရောက်ကြ၍ အနုပါဒိ သေသနိဗ္ဗာန်ချမ်းသာစစ်ချမ်းသာမှန်ကို အမှန်မုချ ရောက်ကြပါစေသော်။

ကျွန်ုပ်ဦးတင့်သည် ၁၂၃၁ ခု၊ ဝါခေါင်လဆန်း ၇ ရက်မှာ မွေးဖွားခဲ့၍ ၁၃၁၀ ခု၊ ဝါခေါင်လဆုတ် ၈ ရက်နေ့တွင် အလွန်အကြူးအထူးပင် မွန်မြတ်လှပေသော တရားထူးတရားမြတ်ကို တွေ့သိပေါက်ရောက်ထမြောက်အောင်မြင်သည်ဖြစ်သောကြောင့် ဤအမှာစာတမ်းကို မိမိ၏အသက် ၈၀ တွင် စီကုံးရေးသားလျက် မှာထားအပ်ပါသတည်း။ ၎င်းကျောက်စာသည် နှစ်ပေါင်းများစွာ အတည်ရှိပါရန် လှူဒါန်းရသောအကျိုးအားဖြင့် အိုခြင်း၊ နာခြင်းကင်းရာနိဗ္ဗာန်ရွှေပြည်မြတ်သို့ မကြာမတင်ရောက်ပါစေသော်။ နတ်လူ သာဓု ...သာဓု ...သာဓုခေါ်စေသော်။

ဦးတင့်

ဆန်စက်ပိုင်ရှင် ရွှေဘိုမြို့။